
စိတ်ကူးချိုချိုအနုပညာ

# ဂျပန်ရိုးရာ ပုံပြင်များ

မောင်မောင်သက်(ဂျပန်)



mgyoe.com

စိတ်ကူးချိုချိုစာအုပ်တိုက်ထုတ်
ဈေးနှုန်းချိုသာ၍
ရည်ရွယ်ချက်ကောင်းမွန်ကာ
ဖတ်ရှုရာတွင် စွဲမက်ဖွယ်ဖြစ်သော
ပုံပြင်စာအုပ်များ

မောင်ဗိုလ်မွေး၏
မြန်မာ့ရိုးရာ ပုံတိုပတ်စများ
ဒေါက်တာခင်ရီဝင်း၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၁
ဒေါက်တာခင်ရီဝင်း၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၂
ဒေါက်တာခင်ရီဝင်း၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၃
ကြည်နိုင် ၏
မောင်ကျန်တစ်တို့ နှင့် မြန်မာစကားပုံ ပုံပြင်များ
ကြည်နိုင် ၏
မကောင်းကြံတန်ပြန်ထိ နှင့် မြန်မာစကားပုံ ပုံပြင်များ
ကြည်နိုင် ၏
နံ့စုတ်ငှက်ငယ် စကားကြွယ် နှင့် မြန်မာစကားပုံ ပုံပြင်များ
မောင်မောင်သက်(ဂျပန်) ၏
ဂျပန်ရိုးရာပုံပြင်များ
တက္ကသိုလ်ရွှေရီဝင်း၏
မှော်ဆရာကြီး၏ လက်ဆောင်များနှင့် နိုင်ငံတကာပုံပြင်များ
တက္ကသိုလ်ရွှေရီဝင်း၏
ထူးဆန်းသောကမ္ဘာလိပ်နှင့် နိုင်ငံတကာပုံပြင်

MG0001
600.00 KS

mgyoe.com

mgyoe.com

mgyoe.com

## အမှာစကား

ဤစာအုပ်တွင် ရေးသားထားသော ရှေးရိုးဂျပန်ပုံပြင်များမှာ ဂျပန်ဘာသာစာဖြင့် ရေးသားထားသည့် မူရင်း 'ရှေးရှေးက ဒဏ္ဍာရီပုံပြင်' စာအုပ်မှ တိုက်ရိုက် မြန်မာလိုဘာသာပြန်၍ ရေးသားထားခြင်းဖြစ်ပါသည်။

အချို့သော ဂျပန်ပုံပြင်တို့မှာ ဒဏ္ဍာရီပုံပြင်မဟုတ်ဘဲ ရှေးရှေးက အဖြစ်မှန်တို့လည်း ပါရှိသည်။ ရှေးက အဖြစ်မှန်တို့မှာ ယနေ့တိုင် ဂျပန်ပြည်တွင် ရှိနေကြောင်း ပါရှိသည်။

အထူးသဖြင့် ရှေးရိုးရာဂျပန်ပုံပြင်တို့သည် မြန်မာဒဏ္ဍာရီပုံပြင်များနှင့် တူညီကြပြီး ပုံပြင်ဝတ္ထုဇာတ်လမ်းများမှာ အနည်းငယ်မျှသာ ကွဲလွဲလျက်ရှိနေသည်ကို တွေ့ရပါသည်။

ထို့ပြင် ရှေးရိုးရာပုံပြင်များတွင် ဂျပန်လူမျိုးတို့ တစ်ဦးနှင့် တစ်ဦး ပြောဆိုကြသည်မှာလည်း မတူကြဘဲ အနည်းငယ် ကွဲလွဲမှုများရှိကြသည်။

ရှေးရိုးရာ ဂျပန်ပုံပြင်များကို မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားရာ၌လည်း အနည်းငယ် ကွဲလွဲကြပါသည်။ သို့သော်လည်း ပုံပြင်များသာဖြစ်၍ ဖြစ်ရပ်အမှန် မဟုတ်သောကြောင့် ထူးထူးခြားခြား အရေးပါလှမည်တော့ မထင်ပေ။

mgyoe.com

mgyoe.com

ယခုလို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြလိုက်သည့် အတွက်သာ ဝမ်းမြောက်ဝမ်းသာ ရှိလှပါကြောင်း တင်ပြလိုက်ရပါသည်။

မောင်မောင်သက် (ဂျပန်)

mgyoe.com

mgyoe.com

# နှာခေါင်းရှည် 'ဂျင်းကိုရှိဘုန်'



mgyoe.com

## နှာခေါင်းရှည် "ဂျင်းဂိုရိဘုန"

ရှေးရှေးအခါတုန်းက ဂျပန်ပြည်တွင် 'ဂျင်းဂိုရိဘုန' အမည် ရှိသော လုလင်ပျိုတစ်ယောက် ရှိသည်။

ထိုလုလင်ပျိုတွင် တန်ခိုးသိဒ္ဓိအစွမ်းထက်သော ဗုံတစ်ခုကို ရရှိထားသည်။ ဗုံ၏အစွမ်းမှာ မိမိဖြစ်စေချင်သည့်အရာကို ဗုံကိုတီး၍ ပြောလိုက်လျှင် မိမိဖြစ်စေချင်သည့်အတိုင်း ဖြစ်လာသည်။

တစ်နေ့တွင် ချောင်းငယ်ကိုဖြတ်၍ ဆောက်ထားသော တံတားပေါ်တွင် အလွန်လှပသော အမျိုးသမီးတစ်ဦး လမ်းလျှောက်သွားနေသည်ကို 'ဂျင်းဂိုရိဘုန' မြင်တွေ့သောအခါ သူ့တွင်ရှိသော ဗုံ၏ အစွမ်းကို စမ်းသပ်ကြည့်လိုစိတ် ပေါ်လာသည်။

ထို့ကြောင့် 'ဂျင်းဂိုရိဘုန'သည် လူအများ မမြင်နိုင်သော တစ်နေရာမှ တံတားပေါ်တွင် လျှောက်သွားနေသော အမျိုးသမီးအား ကြည့်ပြီး –

"အဲဒီ အမျိုးသမီးရဲ့နှာခေါင်း ရှည်ထွက်လာစေ" ဟု နှုတ်မှ တီးတိုးရေရွတ်ကာ သူ၏လက်ထဲမှ ဗုံကို ခပ်တိုးတိုးမြည်အောင် တီးလိုက်သည်။

'ဂျင်းဂိုရိဘုန'၏ အမိန့်စကားနှင့် ဗုံကို တီးလိုက်သဖြင့် အမျိုးသမီး၏နှာခေါင်းသည် ချက်ချင်း ရှည်ထွက်လာတော့သည်။

အမျိုးသမီးသည် သူ၏နှာခေါင်းမှာ မူလကထက် ရှည်ထွက်

mgyoe.com

mgyoe.com

လာသဖြင့် အလွန်အံ့သြပြီး ရှက်သဖြင့် သူ၏မျက်နှာကို လက်ဝါးပြင်နှစ်ဖက်နှင့်အုပ်ပြီး နေအိမ်သို့ အမြန်ပြန်ပြေးလာခဲ့သည်။

အမျိုးသမီးနေထိုင်သော ရွာတွင် သူမသည် ချမ်းသာကြွယ်ဝသော သူဌေးမိသားစုမှ ပေါက်ဖွားလာသူ ဖြစ်သည်။

သူမ၏ မိဘနှစ်ပါးသည် သမီး၏အဖြစ်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်ကာ ငိုကြွေးကြသည်။

ဤတွင် မိဘနှစ်ပါးသည် ကောက်ရိုးဖျာပေါ်တွင် သမီး၏ရှည်လျားသော နှာခေါင်းကို ဖြန့်၍ချထားပြီး စိတ်မကောင်းဖြစ်နေကြသည်။

သမီး၏ ထူးဆန်းသော နှာခေါင်းရှည်ရောဂါအတွက် စိတ်ဒုက္ခရောက်ပြီး စိုးရိမ်နေသော သူမ၏ မိဘနှစ်ပါးသည် ဆေးဆရာကြီးများ၊ ပယောဂဆရာကြီး စသည့် သမားတော်ကြီးများကို ပင့်ခေါ်ပြီး ကုသကြသည်။

ထိုသို့ သမားတော်ကြီးများကိုခေါ်ပြီး နည်းမျိုးစုံတို့ဖြင့် ရှာဖွေကုသသော်လည်း သမီး၏ ရှည်လျားသော နှာခေါင်းမှာ နဂိုမူလအတိုင်းတို၍ မသွားဘဲ ရှည်ထွက်မြဲပင် ရှည်ထွက်နေသည်ကို တွေ့ရသဖြင့် ဉာဏ်မီသလောက် ကုသသော်လည်း မသက်သာဘဲ ရှိနေ၍ မိဘနှစ်ပါးမှာ စိတ်ပူပင်သောက ရောက်နေရှာသည်။

သမီးပျို၏နှာခေါင်း ရှည်နေသည့်အတွက် သူ၏ မိဘနှစ်ပါးစိတ်ပူပင်သောက ရောက်နေချိန်တွင် 'ဂျင်းဂိုရိဘုန'၏ ကြံရာပါသူငယ်ချင်းသည် ရှင်တိုဘုန်းကြီးကဲ့သို့ အယောင်ဆောင်ပြီး နှာခေါင်းရှည်ထွက်နေသော မိန်းမပျို၏ အိမ်ရှေ့သို့ရောက်လာသည်။

အိမ်ရှေ့ရောက်သည့်အခါ 'ဂျင်းဂိုရိဘုန'၏ သူငယ်ချင်းသည် မိန်းမပျိုရှိနေသည်ကို ကြည့်ပြီး နှာခေါင်းရှည်ထွက်နေတဲ့ သမီးအတွက် ဆုမွန်ကောင်း တောင်းပေးနေသည်။

ထိုဆုတောင်းပေးနေသော အသံကိုကြားရလျှင် သူမ၏ မိဘ

mgyoe.com

mgyoe.com

နှစ်ပါးသည် အိမ်ရှေ့ထွက်လာပြီး 'ဂျင်းဂိုရိုဘုန' ၏ သူငယ်ချင်းအား ...

"ကျုပ်သမီးရဲ့နှာခေါင်း ရှည်ထွက်နေတဲ့ရောဂါဟာ ထူးဆန်းလို့ ရှင်တိုဘုန်းကြီးများအပြင် ဗုဒ္ဓဘာသာရဟန်းတော်များနဲ့ ဆေးဆရာသမားတော်ကြီးများလည်း ပျောက်အောင် မကုသနိုင်ကြပါဘူး" ဟု ပြောပြသည်။

'ဂျင်းဂိုရိုဘုန'၏ သူငယ်ချင်းလည်း သူမ၏ မိဘနှစ်ပါး ပြောသော စကားကို နားထောင်ပြီးနောက် ...

"လူကြီးမင်း၏သမီး နှာခေါင်းရှည်နေတာကို မူလအတိုင်း ပြန်လုပ်ပေးနိုင်တဲ့လူကို ထိုက်သင့်တဲ့ဆုငွေ ပေးမယ်လို့ ကြေညာသင့်တယ်" ဟု အကြံဉာဏ်ပေးပြီး ထွက်သွားသည်။

ရှင်တိုဘုန်ကြီး အယောင်ဆောင်ပြောခဲ့သော 'ဂျင်းဂိုရိုဘုန' ၏ သူငယ်ချင်းပေးသော အကြံအတိုင်း သူမ၏ မိဘနှစ်ပါးသည် သဘောကျ၍ လက်ခံလိုက်သည်။

ထိုနောက် သူမ၏ မိဘနှစ်ပါးသည် သမီးအတွက် ရွာတစ်ရွာလုံး နေရာအနှံ့အပြားရှိ လူများသိရှိအောင် သူတို့သမီး၏ ရောဂါကို ပျောက်အောင် ကုသပေးနိုင်သူကို ဆုငွေပေးမည်ဖြစ်ကြောင်း ကြေညာမောင်းခတ်ခဲ့သည်။

မကြာမီအချိန်တွင် 'ဂျင်းဂိုရိုဘုန' သည် ဗုံကိုပိုက်ပြီး ချမ်းသာသော သူဌေးဇနီးမောင်နှံ၏ အိမ်ရှေ့သို့ ရောက်လာခဲ့သည်။

အိမ်ရှေ့သို့ရောက်သည့်အခါ ...

"ရှည်ထွက်နေသော နှာခေါင်းကို ပျောက်အောင်ကုသနိုင်တဲ့ ဆေးစွမ်းကောင်းများ ရနိုင်ပါတယ်"

"ရှည်ထွက်နေသော နှာခေါင်းကို ပျောက်အောင်ကုသနိုင်တဲ့ ဆေးစွမ်းကောင်းများ ရနိုင်ပါတယ်" ဟု အော်ဟစ် ပြောဆိုနေသည်။

ထိုအော်သံကို ကြားရသော သူဌေးဇနီးမောင်နှံသည် အိမ်ရှေ့သို့

mgyoe.com

mgyoe.com

ထွက်လာပြီး 'ဂျင်းဂိုရိုဘုန' ကို သူတို့၏အိမ်ထဲသို့ ခေါ်လာခဲ့ကြသည်။

"ကျေးဇူးပြု၍ သမီးရဲ့နှာခေါင်း ရှည်ထွက်နေတဲ့ရောဂါကို ပျောက်အောင်ကုပေးပါ ဆရာရယ်" ဟု 'ဂျင်းဂိုရိုဘုန'"အား ပြောလိုက်သည်။

အိမ်ခန်းအတွင်း၌ သူတို့၏သမီး နှာခေါင်းသည် အိမ်ခေါင်မိုးအထိ ရှည်လျားစွာ ရှိနေသည်ကို တွေ့ရလျှင် 'ဂျင်းဂိုရိုဘုန'သည် ကုသရန် မလွယ်ကူသော ဟန်အမူအရာလုပ်ပြီး သူမ၏ မိဘနှစ်အား ...

"သမီးနှာခေါင်းက အတော်ကို ရှည်ထွက်နေတာပဲ၊ ဒီရောဂါကို လွယ်လွယ်နဲ့တော့ ကုသလို့မရဘူး။ ဒါပေမယ့် ကျွန်တော်က ပျောက်အောင်တော့ ကြိုးစားကုသပေးရမှာပဲ" ဟု ဟိတ်ဟန်လုပ်၍ ပြော လိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် သမီးရဲ့ နှာခေါင်းရှည်တဲ့ရောဂါကို ပျောက်အောင်သာ ကုသပေးပါ ဆရာရယ်" ဟု သူဌေးဇနီးမောင်နှံတို့ နှစ်ဦးမှာ အသနားခံ၍ ပြောကြသည်။

ဤတွင် ချက်ချင်းပင် သူမအား မည်သူမျှ မမြင်နိုင်စေရန်အတွက် 'ဂျင်းဂိုရိုဘုန'သည် သူ့တွင်ပါလာသော ခေါက်ထားသည့် အဝတ်လိုက်ကာကြီးကို သူတို့သမီးအိပ်သော ခုတင်ဘေးပတ်လည်တွင် လုံခြုံအောင် ကာထားလိုက်သည်။

ခဏမျှကြာလျှင် 'ဂျင်းဂိုရိုဘုန'သည် သူယူလာသော ဗုံကို အသံတိုးတိုးမြည်အောင် တီးလိုက်ပြီး ...

"နှာခေါင်းကြီး တိုသွားစေ ၊ နှာခေါင်းကြီး တိုသွားစေ" ဟု ခပ်တိုးတိုး ပြောလိုက်သည်။

'ဂျင်းဂိုရိုဘုန'သည် ဗုံကို တီးပြီး ပြောလိုက်သည့်အခါ မိန်းမပျို၏ နှာခေါင်းရှည်ကြီးမှာ တဖြည်းဖြည်း တိုစပြုလာသည်

mgyoe.com

mgyoe.com

သူမ၏ နှာခေါင်းရှည်ကြီးမှာ တိုလာသဖြင့် 'ဂျင်းဂိုရိုဘုန' သည် သူဌေးဇနီးမောင်နှံအား "ခုနှစ်ရက်ကြာရင် လူကြီးမင်းတို့ သမီးရဲ့ နှာခေါင်းဟာ မူလပုံစံအတိုင်း ဖြစ်သွားပါလိမ့်မယ်၊ စိတ်ချပါ ပျောက်သည်အထိ ကုသပေးပါမယ်" ဟု ပြောလိုက်ရာ သူမ၏မိဘနှစ်ပါးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး 'ဂျင်းဂိုရိုဘုန' အား ဆုငွေအဖြစ် ငွေကြေးမြောက်မြားစွာ ပေးလိုက်သည်။

'ဂျင်းဂိုရိုဘုန' သည် ငွေများ ရရှိသဖြင့် အိမ်သို့ပြန်လာပြီး ပျော်ရွှင်ဝမ်းသာ၍ နေသည်။

တစ်နေ့တွင် 'ဂျင်းဂိုရိုဘုန' သည် အပန်းဖြေ အနားယူရန်အတွက် ရွာအပြင်ဘက် လယ်ကွင်းပြင်တစ်နေရာတွင် လှဲအိပ်ပြီး သူ၏နှာခေါင်းသည် မည်မျှလောက်အထိ ရှည်ထွက်မည်ကို စမ်းသပ်ရန် စဉ်းစားခဲ့သည်။

သူစဉ်းစားခဲ့သည့်အတိုင်း လက်တွေ့ပြုလုပ်ရန် သူ၏ သူငယ်ချင်းခေါ်ပြီး ဗုံကို တီးခိုင်းသည်။

'ဂျင်းဂိုရိုဘုန' ခိုင်းသည့်အတိုင်း သူငယ်ချင်းသည် ဗုံကို အဆက်မပြတ် တီးနေသည်။

ထိုသို့ မရပ်မနားဘဲ ဗုံတီးနေ၍ 'ဂျင်းဂိုရိုဘုန' နှာခေါင်းသည် ရှည်ထွက်လာသည်။ ဗုံကို မနားဘဲ တီးနေသဖြင့် နှာခေါင်းမှာ တောင်ထိပ်ပေါ်အထိ ရှည်ထွက်လာသည်။ ထို့နောက် ပို၍ မြင့်မားသော မိုးကောင်းကင်ရှိ တိမ်လိပ်များပေါ်အထိ ရောက်အောင် ရှည်ထွက်လာသည်။

'ဂျင်းဂိုရိုဘုန' နှာခေါင်းသည် ရှည်သည်ထက် ပို၍ ရှည်ကာ မြေကြီးမှ မိုးကောင်းကင်အထိ ရှည်ထွက်လာခဲ့သည်။

ထိုအချိန်တွင် မိုးကောင်းကင်ရှိ နတ်ပြည်မှ လက်သမားနတ်သားတစ်ဦးသည် နတ်ပြည်ရှိ မြစ်တစ်မြစ်ကို ကျော်နိုင်ရန် တံတား ဆောက်လုပ်နေသည်။

mgyoe.com

mgyoe.com

တံတားဆောက်လုပ်နေစဉ် ရုတ်တရက် တံတားအောက်မှ ချွန်ထက်နေသည့် အလွန်ထူးဆန်းသော အရာတစ်ခုသည် ကမ္ဘာမြေကြီးမှ အပေါ်သို့တက်လာပြီး တံတားခင်းပြင်ကို ထိုးစိုက်သွားသည်ကို တွေ့ရ၍ အံ့သြနေသည်။

နှာခေါင်းကြီး ရှည်ထွက်ပြီး မိုးကောင်းကင်အထိ ရောက်နေသည်ကို 'ဂျင်းဂိုရိုဘုန' ၏ သူငယ်ချင်းမှာ လုံးဝ သတိမထားမိဘဲ ဗုံကိုသာ အဆက်မပြတ် မရပ်မနား တီးနေသည်။

သူငယ်ချင်းဖြစ်သူသည် ဗုံကိုတီးရင်း မူလနှာခေါင်းအတိုင်း ပြန်ဖြစ်ရန် နှုတ်မှလည်း ...

'ဂျင်းဂိုရိုဘုန' နှာခေါင်း တိုလော့၊ ရှုံ့တွန့်လော့ဟု ပြောဆိုနေသည်။

ထိုသို့ ဗုံတီး၍ ပြောလိုက်သည်တွင် 'ဂျင်းဂိုရိုဘုန' နှာခေါင်းရှည်ကြီး၏ ထိပ်ဖျားသည် နတ်ပြည်ရှိ မြစ်ကို ဖြတ်ကျော် ဆောက်လုပ်ထားသော တံတားနှင့် သံမှိုရိုက်ထားသကဲ့သို့ စွဲစွဲမြဲမြဲ စိုက်နေသည်။

'ဂျင်းဂိုရိုဘုန' ၏ နှာခေါင်းသည် တဖြည်းဖြည်း ရှုံ့တွန့် တိုသွားသောကြောင့် သူသည် နှာခေါင်းနှင့်အတူ နတ်ပြည်သို့ တဖြည်းဖြည်း ဆွဲ၍ ပါသွားသည်။ နောက်ဆုံးတွင် 'ဂျင်းဂိုရိုဘုန' သည် နတ်ပြည်သို့ ရောက်သွားတော့သည်။

ထိုအချိန်တွင် မိုးကောင်းကင်မှ မိုးကြိုးနတ်သားသည် 'ဂျင်းဂိုရိုဘုန' အနီးမှ ဖြတ်သွားရာ တံတားတွင်စိုက်နေသော 'ဂျင်းဂိုရိုဘုန' နှာခေါင်းကို ဖြုတ်ပေးသည်။

ဤတွင် 'ဂျင်းဂိုရိုဘုန' သည် မိုးကြိုးနတ်သား၏ တပည့်တစ်ယောက် ဖြစ်ခဲ့သည်။

'ဂျင်းဂိုရိုဘုန' သည် နေ့စဉ်နေ့တိုင်း မိုးကောင်းကင်ရှိ တိမ်လိပ်များပေါ်တွင် ပြေးလွှား၍နေသည်။
mgyoe.com

mgyoe.com

မိုးကြိုးနတ်သား၏ တန်ခိုးသိဒ္ဓိများကို ရထားသော 'ဂျင်းဂိုရိဘုန' သည် တိမ်မည်းတိမ်ပုပ်တို့ကို ပျံ့လွင့်အောင်လည်း လုပ်နိုင်သည်။ မိုးရွာအောင်လည်း လုပ်နိုင်စွမ်းရှိသည်။

'ဂျင်းဂိုရိဘုန' သည် လူ့ပြည်၌ မိုးခေါင်၍ ရေရှားနေချိန်တွင် မိုးရွာချပေးလိုက်သည်။

မိုးရွာချသဖြင့် လူပြည်မှ အမျိုးသမီး အိမ်ရှင်မများသည် မိုးရွာသွန်းချိန်တွင် အဝတ်အထည် အဟောင်းတို့ကို လျှော်ဖွပ်ကြလေသည်။

ထိုသို့ အဝတ်များလျှော်ဖွပ်ရင်း အိမ်ရှင်မများသည် ဝမ်းသာပျော်ရွှင်ကြပြီး ...

"မိုးရေတွေ မိုးရေတွေ" ဟု အော်ဟစ်နေကြသည်။

'ဂျင်းဂိုရိဘုန' သည် သူ မိုးရွာချလိုက်သဖြင့် ဝမ်းသာနေကြသော လူ့ပြည်မှ လူတွေကို မြင်ရ၍ ပျော်ရွှင်ပြီး တိမ်များပေါ်၌ ပြေးလွှားနေသည်။

'ဂျင်းဂိုရိဘုန' သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး တိမ်များပေါ်တွင် ပြေးလွှားသွားရာ နောက်ဆုံးတွင် မမျှော်လင့်ဘဲ နတ်ပြည်ရှိ ဘီဝါရေကန်ထဲသို့ ခြေချော်ကျသွားသည်။

ဘီဝါရေကန်ထဲသို့ ကျသွားသည်နှင့် တစ်ပြိုင်တည်း 'ဂျင်းဂိုရိဘုန'သည် ငါးသိုင်းငါးတစ်ကောင် အသွင်သဏ္ဌာန် ပြောင်းလဲကာ ငါးဖြစ်သွားတော့သည်။

ထိုအချိန်မှစ၍ ယနေ့တိုင်အောင် ဂျပန်ပြည်ရှိ ဘီဝါရေကန်ထဲ၌ ရှိနေကြသော ငါးသိုင်းများကို 'ဂျင်းဂိုရိဘုန' ဟူ၍ ခေါ်ဆိုကြသည်။

ထိုငါးသိုင်းငါးများသည် ရှေးခေတ်အခါ ပုံပြင်ထဲမှ 'ဂျင်းဂိုရိဘုန'၏ အမျိုးအနွယ် သားမြေးများ ဖြစ်ကြသည်ဟု ဂျပန်လူမျိုးတို့ အယူအဆ ရှိကြလေသည်။

mgyoe.com

mgyoe.com

# တောင်စောင့်နတ်နှင့်ထမင်းချက်




mgyoe.com

mgyoe.com

# တောင်စောင့်နတ်နှင့် ထမင်းချက်

ရှေးရှေးအခါက ဂျပန်ပြည်တွင် 'ဒန်းတိုး' ဟုခေါ်သော တောင်ကြီးပေါ်၌ ဆီးနှင်းများ ကျစပြုနေသည်။

ဆောင်းဦးပေါက်ရာသီမှာ မကြာမီကုန်ဆုံးဖို့ရာ နီးကပ်လာသည်။

ထိုအချိန်တွင် သစ်ခုတ်လုပ်ငန်း လုပ်ကြသော ကူလီများသည် 'ဒန်းတိုး' တောင်ပေါ်သို့ စတင်တက်ခဲ့ကြပြီး တောင်ပေါ်ရှိ သစ်တောကြီးအတွင်း ဝင်ရောက်ခဲ့ကြသည်။

သစ်တောကြီးထဲဝင်ပြီး သစ်လုံးများကို ခုတ်လှဲ လုပ်ကိုင်ကြသည်။

သစ်ခုတ်ကြသော ကူလီများအတွင်း၌ 'ခိုးချိ'ဟူသော လူငယ်ထမင်းချက်တစ်ယောက်လည်း ရှိခဲ့သည်။

'ခိုးချိ'သည် သစ်ခုတ်လုပ်သား ကူလီများစားရန် ထမင်းဟင်းချက်သော အလုပ်ကို နေ့စဉ် တာဝန်ယူ၍ ချက်ပြုတ် လုပ်ကိုင်ရသည်။

'ခိုးချိ' လူငယ်သည် ထိုသို့ ထမင်းချက်ခြင်းဖြင့် ကူညီလုပ်ကိုင်ပေးရသည်။

နေ့စဉ်နေ့တိုင်း 'ခိုးချိ'လူငယ်သည် ထမင်းဟင်းများ ချက်ပြီးသည့်အခါ ပန်းကန်လုံးတစ်ခု၌ ထမင်းဟင်းများကို ထည့်ပြီးနောက် တောင်စောင့်နတ်မင်းအား ...

mgyoe.com

mgyoe.com

"တောင်စောင့်နတ်မင်းကြီး၊ ဒီနေ့လည်း အလုပ်သမားကူလီတွေအားလုံး ဘေးအန္တရာယ် ကင်းစွာဖြင့် အလုပ်လုပ်ရအောင် စောင့်ရှောက်ပါ၊ စားစရာများနဲ့ အရှင်နတ်မင်းကြီးကို တင်သပ္ပဖော်ကန်တော့ပါတယ် အရှင်နတ်မင်း" ဟု ပြောဆိုပြီး စားစရာများကို ပူဇော်ပသလျက် ရှိသည်။

'ခိုးချို' လူငယ်သည် ထမင်းဟင်းများ ချက်ပြီးသည့်အခါတိုင်း အလုပ်သမားကူလီများ ထမင်းမစားမီ ရှေးဦးစွာ တောင်စေင့်နတ်မင်းကို ထမင်းဟင်းတို့ဖြင့် တင်သပ္ပဖော်လေ့ ရှိသည်။ နတ်မင်းကိုလည်း ဘေးအန္တရာယ်ကင်းရန် အမြဲ ဆုတောင်းသည်။

နောက်ပိုင်း ရက်နှစ်ပတ်မျှ ကြာခဲ့သော် ညသန်းခေါင်ယံအချိန်တွင် 'ခိုးချို' လူငယ်သည် မောပန်း၍ သူ၏အခန်းထဲ၌ အိပ်ပျော်နေသည်။

တောင်ပေါ်ရှိ သစ်တောကြီးထဲမှ ကူလီများ တည်းခိုနေထိုင်ကြသော တဲများမှာလည်း အလင်းရောင်ကွယ်ပျောက်ပြီး မည်းမှောင်နေသည်။

ထိုသို့ မည်းမှောင်နေချိန်တွင် အိပ်ခန်းထဲသို့ အလွန်ကြီးမားသော ယောကျ်ားတစ်ယောက်သည် 'ခိုးချို'အိပ်နေသော အိပ်ခန်းအလယ်တည့်တည့်တွင် ရပ်နေသည်။

အိပ်ခန်းတစ်ခုလုံး မည်းမှောင်နေသော်လည်း ထိုယောကျ်ားကြီး၏ ခန္ဓာကိုယ်ပတ်ပတ်လည်မှာ အလင်းရောင်များထွက်၍ လင်းနေသည်။

'ခိုးချို' လူငယ်သည် ထိတ်လန့်ကြောက်ရွံ့ကာ တုန်တုန်ရီရီဖြစ်နေသည်။

ထိုယောကျ်ားကြီး၏ မျက်နှာတစ်ခုလုံး နီရဲနေပြီး နှာခေါင်းမှာလည်း နှစ်ပေခန့် ရှေ့သို့ ရှည်ထွက်နေသည်။

ဤတွင် 'ခိုးချို'လူငယ်မှာ တစ်ကိုယ်လုံးတုန်တုန်ရီရီ ဖြစ်ကာ

mgyoe.com

mgyoe.com

"အို တောင်စောင့်နတ်ပါလား" ဟု ပြောဆိုပြီး တောင်စောင့်နတ်ကို ခေါင်းငုံ၍ အရိုအသေပေး ကန်တော့လိုက်သည်။

တောင်စောင့်နတ်သည် 'ခိုးချို'လူငယ်ကို စူးစိုက်ကြည့်ပြီး...

"ငါဟာ ဒီတောင်ကြီးက တောင်စောင့်နတ်ဖြစ်တယ်" ဟု အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

'ခိုးချို' လူငယ်သည် ကြောက်၍ ငေးကြည့်နေစဉ် တောင်စောင့်နတ်သည် 'ခိုးချို' လူငယ်အား...

"ဒီညမှာ မင်းကို ကျေးဇူးဆပ်ဖို့ ငါမင်းဆီကို လာခဲ့တာပဲ။ မင်းဟာ အလွန်ချစ်စရာကောင်းတဲ့ လူငယ်ပဲ၊ နေ့စဉ်နေ့တိုင်း စားစရာတွေကို ပန်းကန်ထဲထည့်ပြီး ရှေးဦးစွာ ငါ့ကို ပူဇော်ပသပေးတယ်။ အခု ဒီတစ်ကြိမ်မှာ မင်းကိုငါကူညီမယ်" ဟု ပြောပြသဖြင့် ...

'ခိုးချို' လူငယ်သည် ကြောက်ရွံ့စိတ် လုံးဝမရှိတော့ဘဲ တောင်စောင့်နတ်ကို ဦးညွှတ်ကန်တော့၍ နေသည်။

ထိုအချိန်တွင် 'ဒန်းတိုး' တောင်ရှိ တောင်စောင့်နတ်တို့သည် တောင်ထိပ်ပေါ်တွင် မီးတောက်မီးလျှံကြီးထွက်အောင် မီးရှို့ပြီး စုဝေးကာ အသံကျယ်လောင်စွာဖြင့် စကားပြောဆိုနေကြသည်။

အိမ်တွင်း၌ အိပ်နေကြသော 'ခိုးချို' လူငယ်၏ မိတ်ဆွေအပေါင်းအသင်းများသည် အိပ်ပျော်နေ၍ ထိုသို့ ဖြစ်ပျက်နေသည်ကို လုံးဝ မသိရှိကြပေ။

ထိုစဉ် တောင်စောင့်နတ်သည် 'ခိုးချို' လူငယ်အား ...

"ကဲ ... အခု ငါမင်းကို တောင်ပေါ်ကသစ်လုံးတွေ ထုတ်ပေးမယ်။ မင်းတစ်ယောက်တည်း ယူပြီး အလုပ်သမားကူလီတွေ အားလုံးကိုလည်း ခွဲဝေပေးပါ၊ ငါကူညီပေးနိုင်တာ ဒါပဲ"

ဟု ပြောဆိုပြီး အိပ်ခန်းထဲမှ ထွက်သွားသည်။

'ခိုးချို' လူငယ်၏ စိတ်ထဲတွင် အိပ်မက်သဖွယ် ဖြစ်နေ၍ အံ့သြသည်။ အမှန်မှာ တကယ့်အဖြစ်ဖြင့် သူကိုယ်တိုင် တွေ့ကြုံ

mgyoe.com

mgyoe.com

နေရသောကြောင့် တောင်စောင့်နတ်ပြောသော စကားကို ယုံကြည်ခဲ့သည်။

နောက်တစ်နေ့နံနက် မိုးလင်းသည့်အခါ လှည့်လည်သွားလာပြီး တောင်စောင့်နတ်ပေးမည့် သစ်လုံးတွေကို လိုက်လံရှာဖွေသော်လည်း လုံးဝ မတွေ့ရဘဲ ဖြစ်နေသည်။ တောင်စောင့်နတ်ကိုလည်း မတွေ့ပေ။

ထိုနေ့တွင် 'ခိုးချိ' ထမင်းချက်သည် မည်သို့မျှ မထူးခြားသဖြင့် တောင်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။

မိမိ နေထိုင်ရာတဲအိမ်သို့ ပြန်ရောက်သည့်အခါ ...

"မနက်ဖြန်ည နောက်ထပ် တောင်ပေါ်သွားကြည့်မယ်" ဟု 'ခိုးချိ' ဆုံးဖြတ်လိုက်သည်။

နောက်နေ့တွင် ထင်းခုတ်အလုပ်သမားများ အားလုံးအတွက် ထမင်းထုပ်များ ပြုလုပ်ပေးပြီးနောက် 'ခိုးချိ'သည် သီးသန့် ထမင်းထုပ် တစ်ထုပ်ကို ထုပ်ပြီး တောင်ပေါ်သို့ တက်ခဲ့သည်။

တောင်ပေါ်သို့ ရောက်လျှင် 'ခိုးချိ'သည် သူယူလာသော ထမင်းထုပ်နှင့် တောင်စောင့်နတ်ကို ပူဇော်ပသခဲ့သည်။

တောင်ပေါ်နှင့် ဘေးပတ်ဝန်းကျင်တို့မှာ အလင်းရောင်ပျောက်ကွယ်၍ မှောင်မည်းနေသည်။

တောင်ပေါ်ရှိ အလုပ်သမားတဲများ၌ ထင်းခုတ်သော ကူလီတို့မှာ အိပ်ပျော်၍ နေကြသည်။

'ခိုးချိ'သည် မှောင်မည်းနေသော တောင်ပေါ်ရှိ တဲငယ်တွင် ထိုင်နေစဉ် ခဏမျှ အချိန်ကြာသော် 'ဒုန်း – ဒုန်း – ဒုန်း' ဟု တဲငယ်၏ အပြင်ဘက်တွင် ကျယ်လောင်စွာသော ခြေသံကြီးကို အဆက်မပြတ် ကြားနေရသည်။

'ခိုးချိ'သည် အနည်းငယ် ကြောက်လန့်ပြီး တောင်ပေါ် တစ်နေရာသို့ စူးစိုက် ကြည့်နေမိသည်။

mgyoe.com

mgyoe.com

ကျယ်လောင်သော ခြေသံကြီးကို ကြားနေရစဉ် ...

'ဒုန်း ဒိုင်း – ဒုန်း ဒိုင်း – ဒုန်း ဒိုင်း' ဟူသော ခြေသံကြီးမှာ မြေကြီး တုန်လှုပ်သွားသည်။

ထိုခြေသံကြီး မြည်သံကြောင့် တောင်ပေါ်ရှိတဲထဲမှ ထင်းခုတ်သမား ကူလီများသည် ထိတ်လန့်ကြောက်ရွံ့၍ အိပ်နေရာမှ နိုးလာကြသည်။

"အဲဒါ ဘာလဲ" ဟု ထင်းခုတ်သမားများသည် ကြောက်ရွံ့ပြီး 'ခိုးချို' ကို မေးရာ ...

"အဲဒါဟာ တောင်စောင့်နတ် အလည်လာတာ ကြောက်စရာ မလိုပါဘူး၊ တောင်စောင့်နတ်က အကူအညီပေးဖို့ လာတာဖြစ်တယ်" ဟု 'ခိုးချို'သည် ပြန်ပြောပြလိုက်သည်။

'ခိုးချို' ပြောသောစကားကြောင့် ထင်းခုတ်သမား ကူလီတို့မှာ ကြောက်ရွံ့စိတ်များ ပျောက်ပြီး စိတ်ချလက်ချဖြင့် အားလုံးအိပ်ကြသည်။

နံနက်မိုးလင်း၍ နေသာသောရာသီဥတု ဖြစ်နေသည်။

ဤအချိန်တွင် 'ခိုးချို' ထမင်းချက် လူငယ်သည် သူ၏မိဘတွေကို ခေါ်ပြီး တောင်ပေါ်ရှိ သစ်တောကြီးထဲသို့ သွားကြသည်။

'ခိုးချို' နှင့် သူ၏ မိဘတို့ တောင်ပေါ်သစ်တောကြီးအတွင်းသို့ ဝင်ရောက်ကြသည့်အခါ သစ်လုံးများကို စုပြီး မိမိတို့နေထိုင်ရာတဲဆီသို့ သယ်ယူပြီး ထွက်လာခဲ့ကြသည်။

ထိုသစ်လုံးများသည် လွန်ခဲ့သောညတွင် ထားရှိသော သစ်လုံးများ ဖြစ်သည်ကို 'ခိုးချို' သိရသည်။

တောင်ပေါ် သစ်တောကြီးအတွင်းမှ သစ်လုံးများရရှိသည့် အကြောင်းကို 'ခိုးချို'ထမင်းချက်လူငယ်သည် သူ၏အပေါင်းအသင်း သစ်ခုတ်သမား ကူလီများကို ပြန်ပြောပြသည်။

mgyoe.com

mgyoe.com

ထိုစဉ် ကူလီများသည် 'ခိုးချို'အား တောင်စောင့်နတ်ပေးသော သစ်လုံးများ ဖြစ်သည်ကို သိရှိရ၍ ဝမ်းသာပြီး 'ခိုးချို' ထမင်းချက်လူငယ်ကို တောင်စောင့်နတ်သဖွယ် ခေါ်ခဲ့ကြသည်။

□

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဖားဖြစ်သော ကောက်ညှင်းဆုပ်




mgyoe.com

mgyoe.com

# ဖားဖြစ်သော ကောက်ညှင်းဆုပ်

ရှေးရှေးအခါက ဂျပန်ပြည်ရှိ နေရာတစ်နေရာတွင် အဖွားအိုသည် သူ၏ချွေးမနှင့်အတူ နေထိုင်လျက်ရှိသည်။

အဘွားအိုသည် သူ၏သား သေဆုံးခဲ့သဖြင့် ချွေးမဖြစ်သူကို သူ၏အိမ်တွင် ခေါ်၍ ထားခဲ့သည်။

ချွေးမသည် ယောက္ခမဖြစ်သူ အဘွားအိုအား မိမိ၏ မိဘသဖွယ် စေတနာဖြင့် လုပ်ကိုင်ပေးလေသည်။

ထိုသို့ လုပ်ကိုင်ပေးသော်လည်း အဘွားအိုသည် အလွန်ပင် တွန့်တိုသူဖြစ်ရာ စားစရာများကို ချွေးမလုပ်သူ မသိစေရန် ကွယ်ဝှက် စားသည်။

စားစရာများ ရရှိသည့်အခါတွင်လည်း ချွေးမဖြစ်သူ စားမည်ကို စိုးရိမ်ပြီး ဖုံးကွယ်ဝှက်၍ ထားလေ့ရှိသည်။

မကောင်းသည့် စားစရာများကို ချွေးမအားကျွေးပြီး ကောင်းသော စားစရာများကို အဘွားအိုသည် ကွယ်ဝှက်စားသည်။

တစ်နေ့တွင် အိမ်အနီးနားမှ လက်ဆောင်အဖြစ် ကောက်ညှင်းဆုပ်လုံးများကို အဘွားအိုထံ လာရောက်၍ လက်ဆောင်ပေးသည်။

ကောက်ညှင်းဆုပ်လုံး လာပေးသော ကလေးငယ်အား ...

"ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်" ဟု ဝမ်းသာစွာ ဖြင့်ပြောပြီး ကောက်ညှင်းဆုပ်လုံးများကို ယူထားလိုက်သည်။

mgyoe.com

mgyoe.com

အဘွားအိုသည် ကောက်ညှင်းဆုပ်လုံးများ ရရှိသည့်အခါ ...

"အင်း ... ဒီအရသာရှိတဲ့ ကောက်ညှင်းဆုပ်လုံးတွေကို ငါ့ချွေးမ သိရင် ယူစားတော့မယ်၊ သူမသိအောင် ဝှက်ထားမှဖြစ်မယ်" ဟု စိတ်ကူးအကြံထုတ်သည်။

နှမြောတွန့်တိုသည့် အဘွားအိုသည် သေတ္တာတစ်ခုတွင် ကောက်ညှင်းဆုပ်လုံးများကို ထည့်ထားပြီး သေတ္တာအဖုံးကို လုံခြုံစွာ ပိတ်ထားလိုက်သည်။

ထိုသို့ သေတ္တာထဲသို့ ကောက်ညှင်းဆုပ်လုံးများ ထည့်ပြီးလျှင် သူ၏ချွေးမ မသိစေရန် အိမ်ခန်းအတွင်းရှိ ဘုရားစင်အောက်၌ သေတ္တာကို ဝှက်ထားလိုက်သည်။

ကောက်ညှင်းဆုပ်လုံးများ ထည့်ထားသည့်သေတ္တာကို ဝှက်ထားပြီးနောက် သူ၏ချွေးမအား ...

"ဒီသေတ္တာကို လုံးဝမဖွင့်နဲ့၊ သေတ္တာထဲမှာ ဖားတွေ ထည့်ထားတယ်" ဟု ပြောပြီး အပြင်သို့ ထွက်သွားသည်။

အဘွားအို အပြင်သို့ ထွက်သွားသည့်အခါ ချွေးမဖြစ်သူသည် သူ့ယောက္ခမ၏ စိတ်ထားကို သိနေသူဖြစ်၍ စဉ်းစားလိုက်သည်။

"သေတ္တာထဲမှာ စားစရာတွေ ထည့်ထားတာကို ငါယူစားမှာ စိုးရိမ်ပြီး သေတ္တာထဲမှာဖားတွေ ရှိတယ်လို့ ငါ့ကိုလိမ် ပြောတာပဲ။ ဒီလောက်တောင်နှမြောတဲ့ အဘွားကြီး ငါ့အကြောင်း ပြလိုက်ဦးမယ်" ဟု ပြောဆိုပြီး ချွေးမဖြစ်သူသည် မခံချင်စိတ် ဖြစ်ခဲ့သည်။

"ဒါလောက်တောင် နှမြောတဲ့ အဘွားကြီး၊ သူသိမ်းထားတဲ့ ကောက်ညှင်းဆုပ်လုံးတွေကို ကုန်အောင် စားပစ်မယ်" ဟု ကြိမ်းဝါးလိုက်သည်။

ချွေးမဖြစ်သူသည် အိမ်အနီးတွင် ရှိသော လယ်ကွက်ဆီသို့ ထွက်လာခဲ့သည်။

လယ်ကွက်ထဲရောက်လျှင် ဖားများကို ဖမ်းပြီး အိမ်သို့ယူ၍

mgyoe.com

mgyoe.com

ပြန်လာခဲ့သည်။

အိမ်သို့ ရောက်သည့်အခါ ယောက္ခမအဘွားအို ဝှက်ထားသော ဘုရားစင်အောက်မှ သေတ္တာကို ယူပြီး အဖုံးကိုဖွင့်ကြည့်ရာ အဘွားအို ပြောသော ဖားများကိုမတွေ့ရဘဲ အရသာရှိသော ကောက်ညှင်းဆုပ် လုံးများကို တွေ့ရသည်။

ထိုစဉ် ချွေးမဖြစ်သူသည် အဘွားအိုဝှက်ထားသော ကောက် ညှင်းဆုပ်လုံးများကို အကုန်လုံးယူ၍ စားလိုက်သည်။

မုန့်များ အကုန်စားပြီးသည့်နောက် သူဖမ်းယူလာသော လယ် ကွက်ထဲမှ ဖားများကို သေတ္တာထဲသို့ အပြည့်ထည့်ပြီး သေတ္တာ အဖုံးကို ပြန်ပြီး ပိတ်ထားလိုက်သည်။

ချွေးမဖြစ်သူသည် ကောက်ညှင်းဆုပ်လုံးမုန့်များကို အရသာရှိစွာ စားရသဖြင့် ဝမ်းသာ၍ နေသည်။

ခဏမျှကြာသော် ယောက္ခမဖြစ်သူ အဘွားအို အိမ်သို့ ပြန် ရောက်လာသည်။ ချွေးမဖြစ်သူမှာ မသိဟန်ဆောင်၍ နေသည်။

အဘွားအိုသည် အိမ်ထဲသို့ဝင်လာပြီး ...

"အမယ်လေး မောလိုက်တာ၊ မောလိုက်တာ" ဟု ညည်းညူ ပြောဆိုသည်။

ထိုသို့ ညည်းညူပြောဆိုပြီး ...

"ဗိုက်ဆာလိုက်တာ၊ ဘာများစားစရာရှိပါလိမ့်" ဟု ပြော၍ သူဝှက်ထားသော ဘုရားစင်အောက်ရှိ သေတ္တာရှိရာသို့ သွားသည်။

ကောက်ညှင်းဆုပ်များ ထည့်ထားသော သေတ္တာနေရာသို့ ရောက်လျှင် အဘွားအိုသည် ဗိုက်ဆာ၍ မုန့်စားရန် သေတ္တာဖုံးကို ဖွင့်လိုက်သောအခါ သေတ္တာထဲတွင် သူထည့်၍ သိမ်းထားသော ကောက်ညှင်းဆုပ်လုံးမုန့်များ လုံးဝမရှိတော့ဘဲ သေတ္တာထဲမှ ဖားများ တစ်ကောင်ပြီး တစ်ကောင် သေတ္တာအပြင်ဘက်သို့ အော်မြည်ကာ ခုန်ထွက်လာကြသည်။

mgyoe.com

mgyoe.com

အဘွားအိုသည် ထိတ်လန့်ကြောက်ရွံ့ပြီး ...

"အမယ်လေး ငါထည့်ထားတာ ကောက်ညှင်းဆုပ် မုန့်လုံး တွေပါ။ ဒီဖားတွေဟာ ဘယ်သူများ လာထည့်ထားတာလဲ"ဟု အော်ဟစ်ပြောဆိုပြီး အိမ်ခန်းအပြင်ဘက်သို့ ပြေးထွက်သွားတော့သည်။

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လျှာဖြတ်ခံရသော စာကလေး




mgyoe.com

mgyoe.com

## လျှာဖြတ်ခံရသော စာကလေး

ရှေးရှေးအခါက ဂျပန်ပြည် ကျေးတောရွာတစ်ရွာတွင် အဘိုးအိုနှင့် အဘွားအို ဆင်းရဲသား ဇနီးမောင်နှံနှစ်ဦးတို့ နေထိုင်ကြသည်။

အဘိုးအိုသည် တောင်စောင်းတို့တွင် တောင်ယာခုတ်၍ စိုက်ပျိုး လုပ်ကိုင်သည်။

တစ်နေ့တွင် တောင်ပေါ်တောသို့ တောင်ယာလုပ် သွားရန် ရှိ၍ ဇနီးဖြစ်သူသည် လင်ယောကျ်ားဖြစ်သူ အဘိုးအိုစားရန် ထမင်းဘူး ထုပ်၍ ပေးလိုက်သည်။

အဘိုးအိုသည် ဇနီးဖြစ်သူ ပေးလိုက်သော ထမင်းဘူးကိုယူပြီး တောင်ပေါ်သို့ တက်ခဲ့သည်။

အဘိုးအို တောင်ပေါ်သို့ ရောက်လျှင် ယူဆောင်လာသော ထမင်းဘူးကို သစ်ကိုင်းတစ်ကိုင်းတွင် ဆွဲချိတ်ထားပြီး တောင်ယာ ခုတ်၍ လုပ်ကိုင်နေသည်။

ထိုသို့ လုပ်ကိုင်ရာ နေ့လယ် နေမွန်းတည့် ရောက်သည့်အခါ အလုပ်မှ ခေတ္တနားပြီး ထမင်းစားရန်အတွက် ထမင်းဘူးကို ဖွင့်လိုက် ရာ ထမင်းဘူးထဲ၌ ထမင်းဟင်းများမှာ လုံးဝမရှိတော့ပေ။ ထမင်းဘူး ထဲတွင် စာကလေးတစ်ကောင်သည် ထမင်းဟင်းများကို ဗိုက်ပြည့် အောင် စားပြီး နှစ်ခြိုက်စွာ အိပ်၍နေသည်ကို အံ့သြစွာ တွေ့ရသည်။

mgyoe.com

mgyoe.com

အဘိုးအိုသည် သူ၏ထမင်းဘူးထဲ၌ နှစ်ခြိုက်စွာ အိပ်နေသော စာကလေးကို တွေ့လိုက်သည့်အခါ ထမင်းဆာနေသည်ကိုပင် မေ့လျော့သွားကာ စာကလေးကို ကြည့်ပြီး ...

"အို ...လှလိုက်တဲ့စာကလေး" ဟု ပြောပြီး စာကလေးကို အဝတ်ဖြင့် ထုပ်ပြီး အလုပ်ပြီးသည့်အခါ အိမ်သို့ ယူဆောင်လာခဲ့သည်။

အဘိုးအိုသည် စာကလေးကို နှစ်သက်၍ အလွန်ပင် ချစ်ခင်ကြင်နာစွာဖြင့် ယုယစွာ မွေးမြူထားသည်။

နောက်ရက်များတွင်လည်း အဘိုးအိုသည် သူပြုလုပ်နေကြအတိုင်း တောင်ပေါ်သို့ တက်၍ တောင်ယာခုတ်ရန် သွားခဲ့လေသည်။

အဘိုးအို တောင်ပေါ်သို့သွားနေစဉ် အချိန်တွင် အိမ်၌ သူ၏ ဇနီး အဘွားအိုနှင့် စာကလေး ကျန်ရစ်ခဲ့သည်။

အဘွားအိုသည် အဝတ်ဟောင်းများကို လျှော်ဖွပ်ပြီးသည့်အခါ အဝတ်အင်္ကျီများကို ကော်တင်ရန် ကော်များ ပြုလုပ်ထားခဲ့ပြီး မြစ်ကမ်းသို့ သွား၍ အဝတ်လျှော်သည်။

အဘွားအို အိမ်၌မရှိသည့်အခါ စာကလေးသည် အဘွားအို ပြုလုပ်ထားသော ပန်းကန်ထဲမှ ကော်များကို နှုတ်သီးဖြင့် ထိုးဆိတ်၍ စားကြည့်ရာ အရသာရှိသောကြောင့် စာကလေးသည် ပန်းကန်ပြားထဲမှ ကော်များကို ထိုးဆိတ်စားရာ ကော်များကုန်သွားပြီး ပန်းကန်ပြားသာ ကျန်နေတော့သည်။

စာကလေးသည် ကော်များကို အကုန်စားလိုက်ပြီးမှ နောင်တရကာ ညည်းညူနေရှာသည်။

အဘွားအိုသည် မြစ်ကမ်းမှ အင်္ကျီအဝတ်အစားများကို လျှော်ဖွပ်ပြီး အိမ်သို့ ပြန်လာခဲ့သည်။

အိမ်သို့ ရောက်လျှင် သူပြုလုပ်ထားသော ပန်းကန်ပြားထဲမှ ကော်များ လုံးဝ မရှိတော့ဘဲ ပန်းကန်ပြားကိုသာ တွေ့ရတော့သည်။

အဘွားအိုသည် စိတ်ပျက်ပြီး အိမ်အပြင်ဘက် ဝရန်တာဘက်

mgyoe.com

mgyoe.com

ဆီသို့ လျှောက်လာရာ ဦးခေါင်းငိုက်စိုက်ဖြင့် ဆိတ်ငြိမ်စွာရပ်နေသော စာကလေးကို တွေ့ရ၍ အံ့သြနေသည်။

စာကလေးသည် စိတ်မကောင်းဖြစ်ပြီး အဘွားအိုအား အသနားခံ တောင်းပန်နေသည့်ပုံသဏ္ဍာန် ဖြစ်သည်။

ဤတွင် အဘွားအိုသည် စာကလေးကို သူ၏လက်ဝါးဖြင့် မယူလိုက်ပြီး စာကလေး၏ မျက်နှာကို အနီးကပ်၍ ဂရုစိုက်ကြည့်လိုက်ရာ နှုတ်သီးတွင် စားထားသော ကော်မှုန့်တို့ကို သဲလွန်စ တွေ့ရှိရသည်။

. စာကလေး၏ နှုတ်သီးတွင် ကော်များတွေ့ရ၍ အဘွားအိုသည် မိမိ အလွန်ချစ်မြတ်နိုး၍ ယုယစွာ ကျွေးမွေးခဲ့သော စာကလေးသည် ကော်များကို ယူစားသည့်အတွက် ဒေါသထွက်ခဲ့သည်။

အဘွားအိုသည် သူ၏ ဒေါသကို မထိန်းနိုင်တော့ဘဲ ကတ်ကြေးတစ်လက်ကို ရုတ်တရက် ဆွဲယူကာ စာကလေး၏ လျှာကိုဖြတ်လိုက်သည်။

စာကလေးသည် လျှာဖြတ်ခံရ၍ အလွန်ပင် နာကျင်လှသောကြောင့် ကြောက်လန့်ပြီး အသံကုန်အော်မြည်လျက် ရှန်းကန်လှုပ်ရှားပြီး ပျံသန်း ထွက်ပြေးသွားသည်။

အဘွားအိုသည် မိမိ ဒေါသထွက်၍ စာကလေး၏ လျှာကို ဖြတ်လိုက်သဖြင့် စိတ်မကောင်းဖြစ်ပြီး နာကျင်စွာဖြင့် အော်မြည်ကာ ပျံသန်း ထွက်ပြေးသွားသော စာကလေးကို ငေးမောကြည့်နေမိသည်။ စာကလေးသည် မည်သည့်နေရာသို့ ပျံသန်းသွားသည်ကို အဘွားအို မသိရပေ။

အချိန်ကုန်၍ ညနေခင်းရောက်သော် အဘိုးအိုသည် တောင်ပေါ်မှ တောင်ယာခုတ်ပြီး၍ အိမ်သို့ ပြန်လာခဲ့သည်။

အဘိုးအို အိမ်ပြန်ရောက်လျှင် ဇနီးဖြစ်သူအား စာကလေးကို မတွေ့ရှိရသဖြင့် ...

mgyoe.com

mgyoe.com

"ငါတို့ စာကလေး ဘယ်လိုလဲ၊ ဘယ်ရောက်သွားလဲ" ဟု မေးမြန်းသည်။

ဇနီးဖြစ်သူ အဘွားအိုသည် စာကလေး၏ အဖြစ်အပျက် အားလုံးကို ပြန်ပြောပြသည်။

ဤတွင် ဇနီးသည် ပြောပြသည့်စကားကို ကြားရသည့်အခါ ...

"အို ...သနားစရာကောင်းလိုက်တာ၊ စာကလေးကို ငါလိုက်ရှာဦးမယ်" ဟု ပြောဆိုပြီး အဘိုးအိုသည် စိတ်ပျက်စွာဖြင့် တောင်ပေါ်ရှိ ယာတောဆီသို့ ထွက်သွားပြီး စာကလေးကို ရှာဖွေတော့သည်။

အဘိုးအိုသည် တောင်ပေါ်ရှိ တောင်ယာတော နေရာအနှံ့ ဖြတ်သန်းသွားလာရင်း ...

"စာကလေးရေ၊ မင်းအိမ်ဘယ်မှာလဲ၊ လျှာပြတ်နေတဲ့ သနားစရာ စာကလေးရေ မင်းအိမ်ဘယ်မှာလဲ" ဟု ထပ်ကာတလဲလဲ အော်ဟစ်ပြောဆိုကာ လိုက်လံရှာဖွေနေသည်။

လျှာပြတ်နေတဲ့ စာကလေးကို လိုက်လံရှာစဉ် တောလမ်းတစ်နေရာတွင် နွားကျောင်းသားတစ်ယောက်ကို တွေ့၍ မေးမြန်းရာ မသိကြောင်း ပြောသည်။ ဆက်ပြီးသွားရာ လမ်းတစ်နေရာတွင် မြင်းထိန်းသမားတစ်ယောက်နှင့် တွေ့၍ မေးမြန်းရာ မသိကြောင်းပြောသဖြင့် စာကလေးနေသည့် အိမ်ကို ရှာဖွေမတွေ့သောကြောင့် အိမ်သို့ ပြန်လာခဲ့သည်။

နောက်တစ်နေ့တွင် စာကလေးနေသော နေရာမှာ ဝါးရုံတော ဖြစ်သည်ဟု သိရှိသဖြင့် ဝမ်းသာပြီး ဝါးရုံတောသို့ သွားသည်။

အဘိုးအိုသည် စာကလေး နေထိုင်သော ဝါးရုံတောသို့ ရောက်သည့်အခါ ရက်ကန်း ရက်နေသော စာကလေးကို တွေ့ရသည်။

ထိုသို့ တွေ့လျှင် အဘိုးအိုသည် စာကလေးအား ...

"စာကလေးရယ် မင်းလျှာပြတ်သွားတာကို ငါ စိတ်မကောင်း

mgyoe.com

mgyoe.com

ပါဘူး”ဟု တောင်းပန်စကား ပြောသည်။

အဘိုးအိုၵ တောင်းပန်ပြောသော စကားကို ကြားရသော် စာကလေးသည် အဘိုးအိုအား တွေ့ရ၍ ...

“အဘိုးကို ကြိုဆိုပါတယ်၊ ကြွပါခင်ဗျား”ဟုပြော၍ အဘိုးအိုအား ဆီးကြိုပြီး အိမ်ထဲသို့ ခေါ်လာသည်။

လျှာပြတ်နေသော စာကလေး မိသားစုတို့သည် အဘိုးအိုကို စားကောင်းသောက်ဖွယ် အကောင်းဆုံး စားစရာများ၊ ညစာစားပွဲများဖြင့် ဧည့်ခံ ကျွေးမွေးသည်။

အပေါင်းအသင်း စာကလေးများကလည်း ပျော်ရွှင်စွာဖြင့် ကပြ ဖျော်ဖြေကြသည်။

ထိုသို့ဖြင့် ညအမှောင်ရောက်သော် အဘိုးအိုသည် လျှာပြတ်နေသော စာကလေးအား ...

“အချိန်လည်း ညဥ့်နက်နေပြီ၊ အိမ်က ဇနီးမယား စိုးရိမ်နေမယ်၊ ဒါကြောင့်မို့ အိမ်ကိုပြန်တော့မယ်”ဟု ပြောသည်။

“စိတ်မကောင်းပါဘူး အဘိုးရယ်၊ အိမ်ပြန်မယ်ဆိုရင် လက်ဆောင်ပစ္စည်းများပါတဲ့ သေတ္တာတစ်လုံးပေးပါမယ်။ ဟောဒီသေတ္တာနှစ်လုံးမှ ကြိုက်တဲ့သေတ္တာကို ယူပါခင်ဗျား”ဟု ပြောသည်။

လျှာပြတ်နေသော စာကလေးသည် သေတ္တာနှစ်လုံးကို ထုတ်ပြသည်။ သေတ္တာတစ်လုံးမှာ အကြီးဖြစ်ပြီး ကျန်သေတ္တာ တစ်လုံးမှာ အငယ်ဖြစ်သည်။ ထိုသေတ္တာနှစ်လုံးမှ အဘိုးအို ကြိုက်နှစ်သက်သော တစ်လုံးကို ယူရန် ပြောသည်။

ဤတွင် အဘိုးအိုသည် ...

“အဘိုးလည်း အသက်ကြီးပါပြီ၊ သေတ္တာအကြီးကို မယူပါဘူး၊ သေတ္တာအငယ်ကိုပဲ ယူပါ့မယ်ကွယ်”ဟု စာကလေးကိုပြောရာ အဘိုးအို အလိုရှိသော သေတ္တာငယ်တစ်လုံးကို လက်ဆောင်ပေးလိုက်သည်။

mgyoe.com

mgyoe.com

အဘိုးအိုသည် လျှာပြတ်နေသော စာကလေးကို နှုတ်ဆက်ပြီး သေတ္တာကို သူ၏ကျောကုန်း၌ တင်ပြီး သယ်ဆောင်၍ အိမ်သို့ ပြန်လာခဲ့သည်။

အဘိုးအိုသည် မိမိနေအိမ်သို့ ပြန်ရောက်သောအခါ သူ၏ ဇနီးသည်အား လျှာပြတ်နေသော စာကလေးနှင့် တွေ့ခဲ့ကြောင်း၊ လက်ဆောင်ပစ္စည်း ရခဲ့ကြောင်းတို့ကို ပြန်ပြောပြသည်။

ထိုနေ့ ဇနီးဖြစ်သူအား ...

"လျှာပြတ်နေတဲ့ စာကလေးက သေတ္တာအကြီးနဲ့ သေတ္တာအငယ် ဘယ်ဟာကို ယူမလဲလို့ မေးတယ်" ဟု ပြောပြရာ ဇနီးဖြစ်သူသည် အဘိုးအိုအား ...

"ရှင်က ဘယ်လိုသေတ္တာကို ယူလဲ"

"ငါက သေတ္တာအငယ်ကိုယူခဲ့တယ်" ဟု ဇနီးသည်၏ အမေးကို ပြန်ပြောလိုက်သည်။

ထိုသို့ ပြောပြပြီး ယူလာသော သေတ္တာငယ်၏ အဖုံးကို ဖွင့်ကြည့်ရာ သေတ္တာထဲတွင် ရွှေတုံး၊ ငွေတုံး၊ ရွှေဒင်္ဂါးများ၊ ကျောက်သံပတ္တမြား စသော ရတနာများ ပြည့်နှက်လျက်ပါရှိနေသည်ကို တွေ့ရ၍ အဘိုးအိုနှင့် အဘွားအိုတို့မှာ လွန်စွာမှအံ့သြပြီး ဝမ်းသာနေကြသည်။

အဘွားအိုသည် အဖိုးတန်ရတနာ ပစ္စည်းများကို တွေ့ရသည့်အခါ အံ့သြလျက်နေပြီး ထို့နောက်တွင် အလိုလောဘ ကြီးလာပြီး စဉ်းစားခဲ့သည်။

"အဘိုးအိုနေရာမှာ ငါသာဆိုရင် သေတ္တာအကြီးကို ယူမယ်၊ သေတ္တာအကြီးဆိုရင် ဒီထက်ပိုပြီး ရတနာများများရမယ်"

အဘွားအိုသည် လောဘစိတ်ဖြင့် ထိုသို့ စဉ်းစားပြီး နောက်တစ်နေ့တွင် အဘိုးအိုမသိစေရန် လျှာပြတ်နေသော စာကလေး နေထိုင်သည့် ဝါးရုံတောသို့ တိတ်တဆိတ် ထွက်လာခဲ့သည်။

mgyoe.com

mgyoe.com

အဘိုးအိုပြောလိုက်သည့် လျှာပြတ်နေသော စာကလေးနေသော ဝါးရုံတောသို့ အဘွားအိုရောက်လာရာ ...

"လျှာပြတ်နေတဲ့ စာကလေးရေ မင်းအိမ်ဘယ်မှာလဲ၊ စာကလေးရေ မင်းအိမ်ဘယ်မှာလဲ" ဟု အော်ဟစ်ပြောဆိုရင်း ဝါးရုံတောအတွင်းသို့ ဝင်ခဲ့သည်။

ခဏမျှကြာသော် လျှာပြတ်နေသော စာကလေးအိမ်ကို တွေ့၍ အိမ်ထဲသို့ ဝင်ခွင့်တောင်း၍ ဝင်ပြီး ...

"ချစ်စရာ စာကလေးရေ၊ မင်းကို သတိရလို့ ငါ မင်းဆီကို အလည်လာပါတယ်" ဟု စာကလေးကို ပြောလိုက်သည်။

လျှာပြတ်နေသော စာကလေးသည် အဘွားအိုအိမ်သို့ အလည်လာသဖြင့် ...

"အဘွားကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ် ခင်ဗျား၊ လာပါ အထဲကြွပါ" ဟု ဆီးကြို နှုတ်ဆက်၍ အဘွားအိုကို အိမ်ထဲသို့ ခေါ်လာခဲ့သည်။

လျှာပြတ်နေသော စာကလေး မိသားစုသည် ဧည့်ခန်း၌ အဘွားအိုကိုလည်း အဘိုးအိုကို ဧည့်ခံကျွေးမွေးသကဲ့သို့ ညစာစားပွဲတွင် အကောင်းဆုံးစားစရာများဖြင့် ဧည့်ခံကျွေးမွေးသည်။ မိတ်ဆွေစာကလေးများကလည်း သီဆိုကခုန်၍ ဖျော်ဖြေကြသည်။

ညစာစားပွဲ ပြီးသည့်အခါ လျှာပြတ်နေသော စာကလေးသည် အဖိုးတန် ရတနာပစ္စည်းများကို ထုတ်ပြသည်။

ထိုသို့ ထုတ်ပြပြီးနောက် ...

"အဘွား အိမ်ကိုပြန်လျှင် ဟောဒီသေတ္တာအကြီးနဲ့ သေတ္တာအငယ် နှစ်လုံးထဲက ကြိုက်တဲ့ သေတ္တာတစ်လုံးကို ယူပါ၊ လက်ဆောင်ပေးလိုက်မယ်" ဟု အဘွားအိုအား ပြောလိုက်သည်။

အဘွားအိုသည် လောဘကြီးပြီး ပြန်ပြောလိုက်သည်။

"ငါ သေတ္တာအငယ်ကို မယူဘူး သေတ္တာအကြီးကိုပဲ ယူမယ်"

mgyoe.com

mgyoe.com

ဟု ပြောသဖြင့် လျှာပြတ်နေသော စာကလေးသည် မိတ်ဆွေ စာက လေးများ အကူအညီဖြင့် သေတ္တာကြီးကို အဘွားအိုစ၏ ကျောကုန်း ပေါ်သို့ တင်ပေးခဲ့ကြသည်။

အဘွားအိုသည် သေတ္တာကြီးကို သူ၏ကျောကုန်းတွင် သယ် ပိုး၍ တောင်ပေါ်လမ်းမှ လမ်းလျှောက်လာခဲ့သည်။

အိမ်အပြန်လမ်းတွင် ကျောကုန်းပေါ်မှ သေတ္တာကြီးမှာ အလွန် ပင် လေးသဖြင့် အဘွားအို၏ စိတ်ထဲတွင် ...

"ဒီသေတ္တာကြီးထဲမှာ ဘယ်လိုရတနာတွေများ ထည့်ထား ပါလိမ့်မလဲ" ဟု စိတ်ကူးရင်း လမ်းခုလတ်တစ်နေရာတွင် သေတ္တာကြီး ကို ချထားလိုက်သည်။

ဤသို့ သေတ္တာကြီးကိုချပြီး အဘွားအိုသည် အလိုလောဘကြီး ၍ သိလိုဇောဖြင့် သေတ္တာကြီး၏အဖုံးကိုဖွင့်၍ ကြည့်လိုက်သည်။

သေတ္တာအဖုံးကို ဖွင့်ကြည့်သည့်အခါ အဘွားအိုသည် သူ မျှော်လင့်ထားသည့် ရတနာအဖိုးတန်ပစ္စည်းများသည် သေတ္တာထဲ၌ လုံး၀ မတွေ့ရပေ။

သူယူလာသော သေတ္တာကြီးထဲ၌ ရတနာပစ္စည်းများအစား မြွေများ အခွေလိုက်နှင့် အိမ်မြှောင်၊ တောက်တဲ့များ အစုလိုက် အပြုံလိုက် သေတ္တာကြီးထဲမှ အပြင်သို့ ထွက်လာကြသည်။

အဘွားအိုသည် ထိတ်လန့်ကြောက်ရွံ့ကာ ခုန်ပေါက်ပြီး မိမိ နေအိမ်သို့ အပြေး ပြန်လာခဲ့တော့သည်။

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သခွားသီးသူခိုး



mgyoe.com

mgyoe.com

## သခွားသီး သူခိုး

ရှေးရှေးအခါက ဂျပန်ပြည် တောရွာတစ်ရွာတွင် လယ်သမားတစ်ဦး နေထိုင်လျက်ရှိသည်။

လယ်သမားသည် သူ၏ယာခင်း၌ သခွားသီးပင်များ အမြောက်အမြားစိုက်ပျိုးထားရာ သခွားခင်းရှိ သခွားပင်များ၌ အလွန် ကောင်းမွန်ပြီး ကြီးမားသော သခွားသီးများ သီးလျက်ရှိနေသည်။

တစ်နေ့တွင် လယ်သမားသည် သူ၏ သခွားခင်းသို့ လာရောက်ပြီး ကြည့်ရှုရာ သခွားခင်းထဲမှ သခွားသီးတချို့ ဆွတ်ခူးခိုးယူသွားသည်ကို သိရသည်။

ထိုသို့ သူ၏သခွားသီးများ ခိုးယူခံရ၍ သခွားခင်း ဘေးပတ်ပတ်လည်တွင် အခိုင်အမာ သစ်သားတိုင်များနှင့် စိုက်ထူကာရံထားသည်။

ထို့နောက် ခြံစည်းရိုးဘေးတွင် ကောက်ရိုးကို လူပုံသဏ္ဌာန်ပြုလုပ်၍ ကီမိုနိုအင်္ကျီဝတ်ပေးပြီး ဝါးဦးထုပ်ဆောင်းကာ စာခြောက်ရုပ် တစ်ရုပ်ကိုလည်း စိုက်ထူထားလိုက်သည်။

လယ်သမားသည် စာခြောက်ရုပ်ကို စိုက်ထားပြီး ...

"အင်း ...ဒီလိုလုပ်ရင် လူအစောင့် ရှိတယ်ထင်ပြီး သခွားသီးကို ခိုးမှာမဟုတ်ဘူး" ဟု စိတ်ထဲတွင် ထင်မှတ်ကာ မိမိနေအိမ်သို့ ပြုံးရွှင်စွာဖြင့် ပြန်လာခဲ့သည်။

mgyoe.com

mgyoe.com

ထိုသို့ လူပုံသဏ္ဌာန်စာခြောက်ရုပ် လုပ်ထားသည့် ညမှာပင် စိတ်ချလုံခြုံသည် ထင်သော်လည်း ညမှာမှောင်နေ၍ ယောကျ်ား တစ်ယောက်သည် သခွားခင်းရှိရာ ယာခင်းထဲသို့ တိတ်တခိုးဝင်ကာ ဟိုဟိုဒီဒီ ကြည့်သည်။

ခြစည်းရိုးဘေးတွင် လူပုံစံ စာခြောက်ရုပ်ကို တွေ့သည့်အခါ –

"မနေ့ညက ငါဟာမင်းရဲ့ သခွားခင်းထဲက သခွားသီးဆွတ် ခူးပြီး အကောင်းဆုံးလက်ဆောင်အဖြစ် ငါပေးခဲ့တယ်။ မနေ့ညက ဒီနေရာမှာ မင်းမရှိပါဘူး၊ အခုမင်းရဲ့ သခွားခင်းထဲက သခွားသီး သုံးလေးလုံးလောက် ငါယူဦးမယ်"

"ဒါပေမယ့် ခြစည်းရိုးကာထားတော့ ဝင်ဖို့ရာ ဒုက္ခဖြစ်နေ တယ်ကွာ၊ သခွားသီးခိုးဖို့ရာ ဘယ်လိုလုပ်ရမလဲ။ လုပ်ဖို့ရာ နည်းလမ်း မရှိဘူးလား၊ ဒီညတော့ သခွားသီးကို ခိုးယူရမှပဲ"ဟု လူပုံစံ စာ ခြောက်ရုပ်ကို တီးတိုးပြောဆိုပြီး သူခိုးသည် ခြစည်းရိုးကို ခုန်ကျော်ပြီး သခွားခင်းအနီး ချဉ်းကပ်လာခဲ့သည်။

သခွားခင်းထဲသို့ သူခိုး ဝင်ရောက်သည့်အခါ ညအချိန်ဖြစ်၍ အလင်းရောင်မရှိဘဲ မည်းမှောင်၍ မည်သည့်အရာမှ မမြင်ရသဖြင့်–

"သခွားသီးတွေ ဘယ်နေရာ ရှိမှန်းလည်းမသိဘူး၊ သခွားသီး လည်း မတွေ့ဘူး" ဟု နှုတ်မှပြောဆိုရင်း သခွားခင်းထဲ ခဏကြာမျှ လဲလျောင်း အိပ်လိုက်သည်။

သူခိုးသည် ယာခင်းထဲ၌ လဲလျောင်းပြီး အခြေအနေကို ကြည့်နေသည်။

သူခိုးသည် သူ၏ လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်းလိုက်ရာ လက်သည် သခွားသီးကို ကိုင်မိလိုက်သည်။

သခွားသီး သူခိုးသည် ဝမ်းသာနေသည်။

ဤတွင် သူခိုးသည် သူ၏မျက်စိရှေ့တွင် စိုက်ထူထားသော

mgyoe.com

mgyoe.com

လူပုံစံဖြင့် သခွားခင်းကို စောင့်နေသော စာခြောက်ရုပ်ကို သခွားသီးသူခိုးသည် ...

"ကျုပ်ကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ၊ ကျုပ်ဟာ မကောင်းတာလုပ်မိပါတယ်ဗျာ" ဟု ပြောပြီးနောက် သခွားသီးများကို ခိုးယူပြီး စာခြောက်ရုပ်ရှေ့တွင် ဒူးတုပ်ထိုင်ကာ ဦးညွှတ်ပြီး ထွက်ပြေးသွားသည်။

လူပုံစံ စာခြောက်ရုပ်သည် တိတ်တဆိတ် ငြိမ်သက်ပြီး နေသည်။

နောက်တစ်နေ့ နံနက်တွင် သခွားခင်းပိုင်ရှင် လယ်သမားသည် သူ၏ သခွားခင်းကိုလာပြီး သခွားသီးများကို တစ်လုံးချင်း ရေတွက်လေ့လာကြည့်ရာ သခွားသီးတချို့ ဆွတ်ခူးထား၍ ပျောက်နေသည်ကို တွေ့ရသည်။

လယ်သမားသည် သခွားခင်းကို လှည့်ပတ်ကြည့်ရာ သခွားသီးပျောက်သဖြင့် အလွန်ပင် ဒေါသထွက်နေသည်။

"လူယုတ်မာသူခိုးပဲ၊ ငါ့သခွားသီးတွေကို အကြိမ်ကြိမ် လာခိုးတာပဲ။ ဒီညတော့ ငါကိုယ်တိုင် သခွားသီးခင်းကို စောင့်မယ်" ဟု ကြိမ်းမောင်း ပြောဆို၍ လယ်သမားသည် မိမိနေအိမ်သို့ ပြန်လာခဲ့သည်။

ညအချိန် ရောက်သည့်အခါ လယ်သမားသည် သူ၏ သခွားခင်းသို့ လာပြီး လူပုံစံကဲ့သို့ လုပ်ထားသော ကောက်ရိုး စာခြောက်ရုပ်မှ ကီမိုနိုအင်္ကျီကို ဝတ်ပြီး ဝါးဦးထုပ်ဆောင်းကာ စာခြောက်ရုပ်သဖွယ် သခွားခင်းအနီး၌ ရပ်၍နေသည်။

ခဏမျှကြာသော် သခွားသီးသူခိုးသည် သခွားခင်းသို့ တိတ်တဆိတ် ရောက်လာပြီး မနေ့ညကအတိုင်း သခွားသီးကို ခိုးယူရန် ကြံစည်ပြန်သည်။
mgyoe.com

mgyoe.com

သစ္စားခင်းပိုင်ရှင် လယ်သမားသည် စာခြောက်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ရပ်၍နေသည်။

သစ္စားသီးသူခိုးသည် ယာခင်းရှင် လယ်သမားဟု မထင်မှတ်ဘဲ မနေ့ညက စာခြောက်ရုပ်လို့ပင် ထင်မှတ်ခဲ့သည်။

ထို့ကြောင့် သစ္စားသီးသူခိုးသည် စာခြောက်ရုပ်ဟန်ဆောင် နေသော လယ်သမား၏ဘေးသို့ လျှောက်လာပြီး စမ်းတဝါးဝါးဖြင့် ရှေ့သို့ကြည့်လိုက် နောက်သို့ကြည့်လိုက် ပြုလုပ်ပြီးနောက် စာခြောက်ရုပ်ဟန်ဆောင်ထားသော လယ်သမားအား ကြည့်ပြီး ...

"ကဲ...မနေ့ညကလိုပဲ သစ္စားသီးယူဦးမယ်၊ ရွာရဲ့ပွဲတော်မှာ သုံးရမယ်လေ" ဟု ပြောဆိုပြီး လယ်သမား စာခြောက်ရုပ်ရှေ့တွင် ရှိသော သစ္စားသီးတို့ကို ဆွတ်ယူနေသည်။

သူခိုးသည် သစ္စားသီးများ ခိုးယူနေစဉ် စာခြောက်ရုပ်ဟန် ဆောင်နေသော လယ်သမားသည် သူ၏ ကိုယ်တွင်ဝတ်ထားသော ကီမိုနိုအင်္ကျီကို ချွတ်လိုက်သည်။ ဆောင်းထားသော ဝါးဦးထုပ်ကို လည်း ချွတ်လိုက်ပြီး သစ္စားသီးသူခိုးအား သူ၏လက်ထဲမှ တုတ်ဖြင့် ရိုက်နှက်တော့သည်။

"အမယ်လေး ... နာလိုက်တာ၊ နာလိုက်တာ"

သူခိုးသည် တုန်တုန်ရီရီဖြစ်ကာ ကြောက်ရွံ့၍ အော်ဟစ်နေသည်။

သစ္စားသီးသူခိုးသည် သစ္စားခင်းပိုင်ရှင် လယ်သမားကို ကြည့်ပြီး –

"မင်းဟာ စာခြောက်ရုပ် မဟုတ်ပါလား၊ ဘယ်လိုစာခြောက်ရုပ်လဲ၊ မနေ့ညက စာခြောက်ရုပ်နဲ့ မတူပါလား အမယ်လေး နာလိုက်တာ" ဟု ညည်းညူပြောဆိုကာ ကြောက်ရွံ့နေသည်။

"အေး ...ငါ စာခြောက်ရုပ်မဟုတ်ဘူး၊ ဒီသစ္စားခင်းပိုင်ရှင်ကွ" ဟု လယ်သမားသည် သစ္စားသီးသူခိုးအား ကြိမ်းမောင်းပြီး ရိုက်နှက်

mgyoe.com

mgyoe.com

သည်။

သခွားသီးသူခိုးသည် လယ်သမားအား ...

"ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ" ဟု အကြိမ်ကြိမ် အရှိအသေပေး၍ တောင်းပန်သည်။

လယ်သမားသည် သခွားသီး သူခိုးကို နောက်ဘယ်တော့မှ မခိုးရန်ပြောပြီး အကြိမ်ကြိမ် ရိုက်နှက်သည်။

ဤတွင် သခွားသီးသူခိုးသည် ...

"ကျွန်တော် ဘယ်နေရာမှာမှ ပစ္စည်းများကို မခိုးတော့ပါဘူး ခွင့်လွှတ်ပါ" ဟု သခွားခင်းပိုင်ရှင်အား ကတိပေးလိုက်သည်။

သခွားသီးသူခိုး တောင်းပန်ပြီး ကတိပေးသဖြင့် သခွားခင်းပိုင်ရှင် လယ်သမားသည် သူခိုးအား ရိုက်နှက်ခြင်း မပြုတော့ဘဲ ခွင့်လွှတ်လိုက်တော့သည်။

❒

mgyoe.com

mgyoe.com

# ထူးဆန်းသောရေနွေးကရား



mgyoe.com

mgyoe.com

## ထူးဆန်းသော ရေနွေးကရား

ဟိုးရှေးရှေးအခါက ဂျပန်ပြည် တောရွာတစ်ရွာ၌ အလွန် ဆင်းရဲသော အဘိုးအိုနှင့် အဘွားအို ဇနီးမောင်နှံတို့ နေထိုင်ကြသည်။

ခင်ပွန်းသည် အဘိုးအိုသည် နေ့စဉ်နေ့တိုင်း တောင်ပေါ်တက်ပြီး ထင်းများခုတ်၍ မြို့သို့သွားရောက် ရောင်းချ၍ ရရှိသောငွေကြေးဖြင့်သာ လုပ်ကိုင်စားသောက် နေထိုင်ကြရသည်။

အဘွားအိုသည် တောင်ပေါ်မှ ရရှိသောထင်းများကို စုစည်းပြီး အဘိုးအိုအား ကူညီ လုပ်ကိုင်ပေးလေ့ရှိသည်။

အဘိုးအိုသည် သူပြုလုပ်နေကျအတိုင်း ထင်းများခုတ်ရန် တောင်ပေါ်သို့ တက်ခဲ့လေသည်။

ထိုသို့ နေ့စဉ်နေ့တိုင်း လုပ်ကိုင်ခဲ့ရာ တစ်နေ့တွင် အဘိုးသည် တောင်ပေါ်သို့တက်ရန် တောလမ်းခရီးမှ လာခဲ့သည့်အခါ တောလမ်းတစ်နေရာ၌ ရွာမှ ကလေးသူငယ်သုံးယောက်သည် သူတို့ ဖမ်းဆီးမိထားသော ခွေးတူဝက်တူတစ်ကောင်ကို ကြိုးများဖြင့် ချည်နှောင်ယူခဲ့ပြီး ထုရိုက် ညှဉ်းပန်းနှိပ်စက်နေကြသည်။ ခွေးတူပက်တူမှာ နာကျင်၍ အော်ဟစ်နေသည်။

ကလေးသူငယ်သုံးယောက်တို့သည် ခွေးတူဝက်တူကို မတရား ထုရိုက်နေကြသည်ကို အဘိုးအို မြင်တွေ့ရ၍ စိတ်မကောင်းဖြစ်၊

mgyoe.com

mgyoe.com

သနားကြင်နာသဖြင့် ထုရိုက်နေသော ကလေးသူငယ် သုံးယောက် တို့အား ...

"သက်ရှိသတ္တဝါ တစ်ကောင်ကို မင်းတို့တစ်တွေဟာ မတရား အနိုင်ကျင့် ထုရိုက်နေတာ မကောင်းပါဘူး၊ မနှိပ်စက်ပါနဲ့ကွာ"ဟု ပြောဆိုရာ ကလေးသူငယ်သုံးယောက်သည် အဘိုးအို၏ စကားကို လုံးဝနားမထောင်ဘဲ ခွေးတူဝက်တူကို အော်ဟစ်ကြပြီး ထုရိုက်နေ ကြသည်။

အဘိုးအိုသည် သူပြောသည့်စကားကို ကလေးသူငယ် သုံး ယောက်မှာ လုံးဝ ဂရုမစိုက်၊ နားမထောင်ကြသဖြင့် စိတ်မကောင်း ဖြစ်ပြီး နောက်ဆုံးတွင် ပြောမရသည့်အတွက် ကလေးသူငယ် သုံး ယောက်တို့ကို ...

"ဒီမှာ ကလေးတို့၊ မင်းတို့ရဲ့ ခွေးတူဝက်တူကို ရောင်းမလား" ဟု မေးမြန်းရာ ကလေးများက ရောင်းဖို့ သဘောတူကြရာ အဘိုးအို သည် တန်ဖိုးငွေကို ပေးလိုက်သဖြင့် ကလေးငယ်သုံးယောက်သည် ငွေရ၍ ဝမ်းသာပျော်ရွှင်ကြပြီး သူတို့ဖမ်းဆီးရမိထားသော ခွေးတူဝက် တူကို အဘိုးအိုအား ပေးလိုက်ပြီး ထွက်သွားကြသည်။

အဘိုးအိုသည် ခွေးတူဝက်တူအား ...

"မင်းအဖြစ်က ဆိုးပါတယ်၊ သနားစရာ ကောင်းလိုက်တာကွာ၊ နောက်ဆိုရင် ဘယ်အခါမှ ဒီရွာနားကို ဘယ်တော့မှ မလာပါနဲ့။ လာရင် ဒီလိုပဲ မင်းကိုဖမ်းဆီးပြီး ထုရိုက်နှိပ်စက်ကြဦးမှာပဲ။ ကဲ ... မင်းသွားလိုတဲ့ နေရာကို မြန်မြန်သာသွားပေတော့"ဟု ပြောကာ ခွေးတူဝက်တူကို လွှတ်ပေးလိုက်သည်။

ခွေးတူဝက်တူသည် အဘိုးအိုအား စူးစိုက်ကြည့်ပြီး တောတွင်း ထဲသို့ အပြေးထွက်သွားတော့သည်။

mgyoe.com

ထိုသို့ ဖြစ်ပျက်ခဲ့သည်မှာ အချိန်ကြာခဲ့လေသည်။ အဘိုးအိုသည်